# ဒေသန္တရအုပ်ချုပ်ရေးလုပ်ငန်းစဉ်လေ့လာမှု

## တနင်္သာရီတိုင်းဒေသကြီး၏ ဒေသန္တရအုပ်ချုပ်ရေးလုပ်ငန်းစဉ် လေ့လာမှုအကျဉ်းချုပ်


Empowered lives.
Resilient nations.

### နောက်ခံအကြောင်းအရာ

ဒေသန္တရအုပ်ချုပ်ရေးလုပ်ငန်းစဉ် လေ့လာမှုကို တနင်္သာရီတိုင်းဒေသကြီးတွင် ၂၀၁၄ - ခုနှစ်၌ ပြုလုပ်ခဲ့သည်။ နိုင်ငံ အဝှမ်း ဒေသန္တရအုပ်ချုပ်ရေး လေ့လာမှု၏ အစိတ်အပိုင်းတစ်ရပ်အနေဖြင့် ဤလေ့လာမှုကို UNDP က ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနနှင့် အတူတကွ ဆောင်ရွက်ခဲ့သည်။ နည်းစနစ်ခြုံငုံတင်ပြချက်ကို "Fast Fact:၊ မြန်မာနိုင်ငံ ဒေသန္တရအုပ်ချုပ်ရေးလုပ်ငန်းစဉ် လေ့လာမှု" တွင် ကြည့်ပါ။

တနင်္သာရီတိုင်းဒေသကြီး လေ့လာမှုသည် မြိတ်၊ သရက်ချောင်းနှင့် ဘုတ်ပြင်းမြို့နယ်များရှိပြည်သူများ၊ ကော်မတီ ဝင်များ၊ အရပ်ဘက်အဖွဲ့အစည်းကိုယ်စားလှယ်များ၊ ဝန်ဆောင်မှုပေးသူများနှင့် ဒေသန္တရအုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများကို ဒေသန္တရအုပ်ချုပ်ရေးနှင့် ဝန်ဆောင်မှုလုပ်ငန်းများပေးခြင်းတို့နှင့် ပတ်သက်၍ တွေ့ဆုံမေးမြန်းမှုများကိုလွှမ်းခြုံတင်ပြထားပါသည်။

ပြည်သူ၃၀၀၊ ဝန်ဆောင်မှုပေးသူနှင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူ ၁၀၀ ခန့်တို့က ဖွံ့ဖြိုးရေးစီမံကိန်း ရေးဆွဲခြင်းနှင့် ပြည်သူအများ ပါဝင်မှု၊ အခြေခံဝန်ဆောင်မှုများ (အထူးသဖြင့် မူလတန်းပညာရေး၊ အခြေခံကျန်းမာရေး စောင့်ရှောက်မှုနှင့် သောက်သုံးရေ) ရရှိမှု၊ သတင်းပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုတို့နှင့်ပတ်သက်၍ ၎င်းတို့၏ အတွေ့အကြုံများနှင့် အမြင်များကို မျှဝေပေးခဲ့ကြသည်။ ဤတင်ပြချက်စာစောင်တွင် အဓိကလေ့လာတွေ့ရှိချက်များနှင့် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ပါဝင်ဆောင်ရွက်သူများ (stakeholders) က အကြံပြုထားသော ဆောင်ရွက်ရန် လုပ်ငန်းများ၏ ကနဦးစတင်ဆောင်ရွက်နိုင်ခြေရှိသည်များကိုပါ တင်ပြထားပါသည်။




ရင်းမြစ်။ MIMU

တနင်္သာရီတိုင်းဒေသကြီးသည် သတ္တုနှင့် သဘာဝဓာတ်ငွေ့ကဲ့သို့သော သဘာဝအရင်းအမြစ်များ အလွန်ကြွယ်ဝသည့် တိုင်းဒေသကြီးဖြစ်ပြီး သမရိုးကျ ကုန်သွယ်ရေး၏ ဗဟိုချက်လည်းဖြစ်သည်။ ယင်း၏ စီးပွားရေးသည် စိုက်ပျိုးရေးလုပ်ငန်း၊ သတ္တုတူးဖော်ရေးနှင့် ခရီးသွားလုပ်ငန်းတို့အပေါ်တွင် အခြေခံသည်။ ထိုဒေသတွင် ရာဘာနှင့် ဆီအုန်းစိုက်ခင်းများသည် အလုပ်အကိုင် အဓိကအရင်းအမြစ်များဖြစ်သော်လည်း ပြင်းထန်သော ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများနှင့် မြေယာသိမ်းယူမှုများ လည်း ဖြစ်ပျက်နေသည်။ ဆင်းရဲနွမ်းပါးမှုနှုန်းသည် နိုင်ငံ၏ပျမ်းမျှနှုန်းနှင့် နှိုင်းယှဉ်လျှင် ပိုမိုမြင့်မားသည်။

### လူမှုစီးပွားရေးအကြောင်းအရာများ



ပံ့ပိုးပေးပါသည်။

From
the People of Japan

SWEDEN

DANIDA

Empowered lives.
Resilient nations.

တနင်္သာရီသည် မြန်မာနိုင်ငံ၏ အဓိကစီးပွားရေး စီမံကိန်းဖြစ်သော ထားဝယ်အထူးစီးပွားရေးဇုန် (မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံအကြား ဖက်စပ်လုပ်ငန်း) နှင့် ပင်လယ်နက်ဆိပ်ကမ်းတို့ တည်ရှိရာဖြစ်ပြီး အဆိုပါ လုပ်ငန်းနှစ်ရပ်စလုံးက ဒေသ ၏ စီးပွားရေးအခြေအနေများကို လုံးဝပြောင်းလဲသွားစေမည်ဟု မျှော်လင့်ထားသည်။

### လုံခြုံစိတ်ချရမှု


တနင်္သာရီဒေသတွင် ကရင်အမျိုးသားယူနီယံ(KNU)နှင့် မွန်ပြည်သစ်ပါတီ (NMSP) တို့သည် လွတ်လပ်ရေးရပြီး ကတည်းက လှုပ်ရှားလျက်ရှိခဲ့ကြသည်။ တိုင်းဒေသကြီး၏ အချို့ဒေသများသည် ကာလရှည်ကြာနေပြီဖြစ်သော ပဋိပက္ခ များနှင့် မြေယာသိမ်းယူမှုတို့၏ ဒဏ်ကို ဆက်လက်ခံစားနေကြရသည်။ နိုင်ငံအတွင်း နေရာရွှေ့ပြောင်းခံရသောသူများ (IDPs) ၇၀၀၀၀ ခန့်ရှိ၍ လူ ၆၀၀၀ ခန့်မှာအိမ်နီးချင်းထိုင်းနိုင်ငံတွင် ဒုက္ခသည်များအဖြစ် နေထိုင်လျက်ရှိသည်။ အစိုးရနှင့် KNU တို့အကြား အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်တစ်ရပ်ကို ၂၀၁၂ ခုနှစ်တွင် လက်မှတ်ရေးထိုးခြင်းသည် အဆိုပါအခြေအနေများကို သက်သာစေခဲ့သည်။

## ရပ်ရွာအဆင့်တွင် တွေ့ရှိရသော တိုးတက်မှုများ

လွန်ခဲ့သောခုနှစ်အတွင်း သင်၏အစိုးရက ဆောင်ရွက်ခဲ့သော အရေးကြီးဆုံးတိုးတက်မှုများက အဘယ်နည်း။

### တနင်္သာရီဒေသတွင် ပြည်သူတို့ရှုမြင်သည့် တိုးတက်မှုများ

| | | |
|---|---|---|
| ■ ပညာရေး အဆောက်အဦများနှင့် ဝန်ဆောင်မှုများ | - | ၄၇% |
| ■ လမ်းများ | - | ၃၁% |
| ■ ကျန်းမာရေးဝန်ဆောင်မှုများ | - | ၈% |
| ■ ရေရရှိမှု | - | ၈% |





## ဖွံ့ဖြိုးရေး စီမံကိန်းများရေးဆွဲခြင်းနှင့် ပြည်သူ့ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း

မြို့နယ်တစ်ခုအတွက် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးရန်ပုံငွေ (PRF) - **၁၀၀,၀၀၀ USD**

မြို့နယ်တစ်ခုအတွက် ပြည်သူ့လွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေ (PRF) - **၁၀၀,၀၀၀ USD**






### သရက်ချောင်းမြို့နယ်ရှိ ၂၀၁၂ - ၂၀၁၃ ဖွံ့ဖြိုးရေး စီမံချက်များ

- စီမံကိန်းလုပ်ငန်း ၃၆ ခုအတွက် ချထားပေးသော PRF ရန်ပုံငွေ - ၉၉, ၂၀၀ USD
- စီမံကိန်းလုပ်ငန်း ၄၈ ခုအတွက် ချထားပေးသော CDF ရန်ပုံငွေ - ၁၀၀,၀၀၀ USD

### မြို့နယ်စီမံကိန်းရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေးကော်မတီ (TPIC)

အောက်ခြေမှ အထက်သို့ တင်ပြသောစီမံကိန်းရေးဆွဲမှု ပိုမိုကောင်းမွန်တိုးတက်ရေး တာဝန်ရှိသော TPIC ဖွဲ့စည်းခြင်းသည် တနင်္သာရီတွင် တိုးသာဆုတ်သာရှိသည်။ မြိတ်တွင် TPIC သည် ဌာန ၃၇-ခုမှ အရာရှိများနှင့် ပြည်သူလူထုကိုယ်စားလှယ် ၁၀ ဦး တို့နှင့် လစဉ်အစည်းအဝေးပြုလုပ်သည်။

ဒေသခံများသည် ဆည်များ၊ လမ်းများနှင့် တံတားများ တည်ဆောက်ရာတွင် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ရေးအတွက် ကော်မတီဝင်များအဖြစ် ပါဝင်ဆောင်ရွက်ကြသည်။

စတိန်ကျေးရွာအုပ်စု (ဘုတ်ပြင်းမြို့နယ်)

### မြို့နယ်စီမံခန့်ခွဲမှုကော်မတီ (TMC)


တနင်္သာရီမြို့နယ်များရှိ TMCs များသည် ဒေသန္တရဖွံ့ဖြိုးရေး ရန်ပုံငွေများအတွက် ဦးစားပေးမှုချမှတ်ရာတွင် မြို့နယ်စီမံခန့်ခွဲမှု အခန်းကဏ္ဍတွင်ရပ်တည်ဆောင်ရွက်သည်။ ဤနည်းအားဖြင့် မြို့နယ်အုပ်ချုပ်ရေးမှူး၏ ပေါင်းစပ်ညှိနှိုင်းမှုတာဝန် ပြောင်းလဲသွားသည်။ ယခင်က မြို့နယ်အုပ်ချုပ်ရေးမှူးများသည် ကိုယ်ပိုင်ဆုံးဖြတ်ချက်များ ချမှတ်ခဲ့သော်လည်း ယခုအခါ မြို့နယ်ဖွံ့ဖြိုးရေးဆိုင်ရာ ဆုံးဖြတ်ချက်များကို ကော်မတီများ၏ သဘောတူညီချက်ရရှိအောင်ညှိနှိုင်း၍ ဆောင်ရွက်ရသည်။

### မြို့နယ်စည်ပင်သာယာရေးကော်မတီ (TMAC)

လူနေထူထပ်သော မြိတ်မြို့တွင် TMAC သည် "အုပ်ချုပ်မှု" တာဝန်ကို ထူးခြားစွာဆောင်ရွက်သည်။ ဥပမာ - အဖွဲ့ ဝင်များနှင့်အတူ စည်ပင်သာယာရေး စီမံချက်များကို သုံးလတစ်ကြိမ်စစ်ဆေးပြီး မှန်တိုင်းကြောင့်ကျန်ရစ်သောအပျက်အစီးများကို ရှင်းလင်းရေးအား ပေါင်းစပ်ညှိနှိုင်းခြင်းတို့ဖြစ်သည်။ သို့ရာတွင် ၎င်းတို့၏ကဏ္ဍသည် ရှင်းလင်းတိကျမှု မရှိဟု အချို့အဖွဲ့ဝင်များက မှတ်ချက်ပြုသည်။ ဘုတ်ပြင်းမှ အဖွဲ့ဝင်တစ်ဦးက "စည်ပင်သာယာရေးအဖွဲ့ မည်သို့ဖြစ်သင့်သည်ကို ဂဃနဏမသိကြောင်းနှင့် အဖွဲ့ဝင်အဖြစ် ရွေးချယ်ခံထားရသော ၎င်းတို့အနေဖြင့် စီမံကိန်းလုပ်ငန်းများအကောင်အထည်ဖော်မှုနှင့် ပတ်သက်၍ မည်သို့ ဆောင်ရွက်ရမည်ကို မသိကြောင်း" မှတ်ချက်ချခဲ့သည်။

"ရပ်ရွာလူဦးရေ၏ ထက်ဝက်ခန့်မှာ အမျိုးသမီးများဖြစ်သော်လည်း ရပ်ရွာစည်းဝေးပွဲများတွင် အမျိုးသမီးများပါဝင် တက်ရောက်မှုနည်းပါးသည်။ ဒေသ အာဏာပိုင်များက အမျိုးသမီးများကို ပိုမိုဖိတ်ကြားသင့်သည်။"

တနင်္သာရီတိုင်းဒေသကြီး၊ မြို့နယ်အဆင့် လုပ်ကိုင်ဆောင်ရွက်သူများထံမှ လေ့လာတွေ့ရှိချက်




ကျေးရွာအုပ်စု၊ရပ်ကွက်အစည်းအဝေးများတွင် ပြည်သူများပါဝင်မှု ■ စုစုပေါင်း ■ ကျား ■ မ

## အခြေခံဝန်ဆောင်မှု ပေးခြင်း


### မူလတန်းပညာရေး

တနင်္သာရီမှဖြေကြားသူအများစု(၈၀%) က ပညာရေးပိုင်းတွင် တိုးတက်ကောင်းမွန်လာသည်ဟုရှုမြင်ကြပြီး ကျောင်းများဆောက်လုပ်ခြင်း သို့မဟုတ် အဆင့်မြှင့်တင်ခြင်း (၈၂%) ဖြစ်၍ ဆရာများ ပိုမိုခန့်ထားခြင်းမှာ (၄၅%) တို့ကြောင့်ဖြစ်သည်ဟုဆိုသည်။


စီမံကိန်းရေးဆွဲရေးလုပ်ငန်းစဉ်တွင် ပိုမိုဆွေးနွေးညှိနှိုင်းသော နည်းလမ်းကို အသုံးပြုသည်။ ယခုအခါ မြို့နယ် ပညာရေးဝန်ထမ်းများအား ပညာရေးစီမံကိန်းရေးဆွဲခြင်းနှင့် တန်ဖိုးတွက်ချက်ခြင်းတို့တွင်သွင်းအားစုများ ဖြည့်ဆည်းပေးနိုင်မည်ဟု မျှော်မှန်းပြီး၊ ကျောင်းအုပ်ကြီးများနှင့် မိဘဆရာအသင်းများအား ၎င်းတို့၏ စိတ်ကူးများနှင့် အကြံပြုချက်များ အတွက် ဆွေးနွေးညှိနှိုင်းလျှက်ရှိသည်။

အဓိက စိန်ခေါ်မှုများ
- ကျောင်းဆရာ မလုံလောက်မှု
- ကျေးလက်ဒေသရှိကျောင်းဆရာ၊ဆရာမများအတွက် အိုးအိမ်အထောက်အကူ များ ရှားပါးမှု

လွန်ခဲ့သော ၃ နှစ်ကျော်တွင် သင်၏ ကျေးရွာအုပ်စု၊ ရပ်ကွက်တွင် မူလတန်းပညာရေး တိုးတက်ခဲ့ပါသလား။



လွန်ခဲ့သော ၃ နှစ်အတွင်းတွင် သင်၏ကျေးရွာအုပ်စု၊ ရပ်ကွက်တွင် ကျန်းမာရေးဝန်ဆောင်မှု တိုးတက်ခဲ့ပါသလား။




## ကျန်းမာရေး စောင့်ရှောက်မှု


ဖြေကြားသူများ၏ ထက်ဝက်ခန့် (၅၂%) က ကျန်းမာရေးဝန်ဆောင်မှုတွင် တိုးတက်လာသည်ဟုရှုမြင်ကြပြီး ၄၅% က ရရှိသောဝန်ဆောင်မှု အရည်အသွေးကို ကျေနပ်ကြသည်။

တုံးဗျောကျေးရွာအုပ်စု၊ မြိတ်မြို့နယ်ရှိ ဖြေကြားသူများက ပြဿနာများလျော့နည်းရေး ကျန်းမာရေးသတင်းမျှဝေ ရန် ကျေးရွာများသို့ လာရောက်မှုများ၊ နေအိမ်သို့ အရေးပေါ်လာရောက်ခြင်းနှင့် ဆေးရုံသို့ပို့ရန် လိုအပ်သောလူနာများနှင့် အတူတကွလိုက်ပါခြင်းတို့ အတွက် ကျန်းမာရေးဝန်ထမ်းများ၏ ကြိုးပမ်းမှုကို အသိအမှတ်ပြုသည်။

ကျန်းမာရေးစီမံခန့်ခွဲသူ ၆ ဦးအနက် ၂ ဦးကသာ၊ ကျား။မရေးရာ လိုအပ်ချက် များအား ထည့်သွင်းစဉ်းစားခြင်းကို သဘောတူခဲ့သည်။


## သတင်းအချက်အလက်၊ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူမှု

အစိုးရထံမှ ဥပဒေသစ်များ သို့မဟုတ် ညွှန်ကြားချက်အသစ်များရှိလျှင် ၎င်းတို့ကို သင်မည်ကဲ့သို့ လေ့လာသိရှိသနည်း။




ဆယ်အိမ်မှူ/ ရာအိမ်မှူးများသည် အဓိက သတင်းဖြန့်ဝေသူများ ဖြစ်ပုံရသည်။

## သတင်းဖြန့်ဝေမှုနှင့် ပတ်သက်၍ သိမြင်မှုကွာဟချက်




လေ့လာခဲ့သော ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ၆ ဦးစလုံး (၁၀၀%) တို့က မြို့နယ်အုပ်ချုပ်ရေးပိုင်းသည်ရပ်ရွာဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းများနှင့်ပတ်သက်၍ လုံလောက်သော သတင်းအချက်အလက်များကို ဖြည့်ဆည်းပေး သည်ဟုဆိုသည်။ သို့ရာတွင် ယင်းအချက်ကို ပြည်သူ ၃၆ % (၂၈၈ ဦးအနက်) က သာ လက်ခံသည်။ ရပ်ကွက်။ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများနှင့် ရပ်ရွာလူထုသို့ သတင်းဖြန့်ဝေပေးလေ့ရှိသော ဆယ်အိမ်မှူးများအကြား " သတင်းအဆက် အသွယ်ပြတ်မှု " အလားအလာကို ဖော်ပြနေသည်။

## သရက်ချောင်းနှင့် ထားဝယ်ရှိ အရပ်ဘက်အဖွဲ့အစည်းများ (CSOs) ၏ အခန်းကဏ္ဍ

တနင်္သာရီ၏ အချို့ဒေသများတွင် CSO များ၏ ပြောရေးဆိုခွင့်အပိုင်းသည် အကန့်အသတ်များရှိနေသည်။ သို့သော် သရက်ချောင်းနှင့် ထားဝယ်တို့တွင် စီးပွားရေးချိူ့ငဲ့နိမ့်ပါးသော ရပ်ရွာပြည်သူများ၏ အကျိုးစီးပွားကိုစောင့်ရှောက်ဖြည့်ဆည်းရန်အတွက် ၎င်းတို့သည် ခိုင်မာသော ကဏ္ဍမှ ပေါ်ထွန်းလာကြသည်။

| ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၏ကဏ္ဍ | ငြိမ်းချမ်းရေးနှင့် စိတ်ချလုံခြုံမှု | ပဋိပက္ခကြားဝင် ဖြေရှင်းခြင်း | သတင်းဖြန့်ဖြူးခြင်း | ဆုံးဖြတ်ချက် ချမှတ်ရေးတွင် ကျေးရွာသားများပါဝင်မှု |
|---|---|---|---|---|
| ပြည်သူများကရှုမြင်မှု | ၅၀% | ၄၄% | ၈% | ၁၈% |
| ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများကရှုမြင်မှု | ၁၀၀% | ၈၃.၃% | ၅၀% | ၀% |

## ရပ်ရွာလူထုဆွေးနွေးပွဲ



ရပ်ရွာလူထုဆွေးနွေးပွဲများတွင်၊ အမျိုးသမီးများ၊ လူငယ်များနှင့် သက်ကြီးရွယ်အိုများအပြင် ဒေသန္တရဝန်ဆောင်မှုပေးသူ များကဲ့သို့ရပ်ရွာမှ မတူညီသောအုပ်စုများသည် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများနှင့် ဒေသန္တရအုပ်ချုပ်ရေး၊ ဝန်ဆောင်မှု ပေးခြင်းတို့နှင့်ပတ်သက်၍ အဓိကပြဿနာများကို ဆွေးနွေးကြပြီး ၎င်းတို့ကိုယ်တိုင် စတင်ဆောင်ရွက်နိုင်သော အဖြေများကို စဉ်းစားကြသည်။

ဥပမာ - ကျေးရွာအုပ်စုတစ်ခုတွင် ကျောင်းအုပ်ဆရာမကြီးနှင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးက၊ ကျောင်းစတင်ပြုပြင်ရန် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ညှိနှိုင်းမည်ဟုအကြံပြုစဉ်တွင် ကျေးရွာသားများက ကျောင်းပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် ရေစီးရေလာကောင်းမွန်စေရန် ရေသွယ်မြောင်းများတူးရေးကို ဆောင်ရွက်မည်ဟုကတိကဝတ်ပြုခဲ့ကြသည်။ အခြားရပ်ရွာတစ်ခုတွင် ရပ်ကွက်အုပ်ချုပ်ရေးမှူးက အိမ်ထောင်စုများသိလိုသော သတင်းအချက်အလက်များကို အလွယ်တကူသိရှိနိုင်ရန် သတင်းမိတ္တူများကို ရပ်ကွက်အုပ်ချုပ်ရေးရုံးရှေ့ရှိ ကြော်ငြာသင်ပုန်းတွင် ကပ်ထားပေးမည် ဟု ကတိပြုခဲ့သည်။

## တိုင်းဒေသကြီးအဆင့် ထောက်ခံတင်ပြချက်များ

ဝန်ထမ်းဦးရေ တိုးမြှင့်ခြင်းကို သက်ဆိုင်ရာဌာနများမှတစ်ဆင့် - ပြည်ထောင်စုအစိုးရသို့ အဆိုပြုသင့်သည်။ ခန့်ထားသောဝန်ထမ်းများ၏ အရည်အချင်းမြင့်မားရေးအတွက် ပြည်တွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများ အကူအညီဖြင့် သင်တန်းများ ပေးသင့်သည်။

ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများနှင့် ဆယ်အိမ်မှူး၊ ရာအိမ်မှူးများအတွက် စီမံခန့်ခွဲမှုနှင့် အုပ်ချုပ်ရေးရာသင်တန်းများပေးသင့်သည်။ အလယ်အလတ်ကာလအတွက် ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ များနှင့်ပတ်သက်သော ရှင်းလင်းတိကျသည့် နည်းဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများပြဌာန်း၍၎င်းတို့ကိုကြီးကြပ်သောအဆင့်တဆင့်ထားရှိသင့်သည်။



တနင်္သာရီတိုင်းဒေသကြီးလေ့လာမှုမှ ကြားဖြတ်တွေ့ရှိချက်များမျှဝေရေးအတွက် တိုင်းဒေသကြီးအဆင့် အလုပ်ရုံဆွေးနွေးပွဲတွင် အစိုးရနှင့်အရပ်ဘက်အဖွဲ့အစည်းများက ပြုပြင်ပြောင်းလဲရေးအတွက်ထောက်ခံ တင်ပြချက်များ ပေးခဲ့သည်။

အဓိကနေရာများတွင် အမျိုးသမီးများအား ပိုမိုရာထူးခန့်ထားသင့်သည်။ ဒေသန္တရအာဏာပိုင်များက ပြုလုပ်သော အစည်းအဝေးများတွင် အမျိုးသမီးများကို ပိုမိုဖိတ်ကြားသင့်သည်။


# သုံးသပ်ချက်များ

၁ တိုင်းရင်းသားလူမျိုးစု သို့မဟုတ် အခြားမတူညီသော မျိုးနွယ်စုများက နိမ့်ပါးသော အခန်းကဏ္ဍတွင် ရှိနေစဉ်တွင် တနင်္သာရီသည် ယင်း၏ အကျိုးစီးပွားများ၊ နှင့် ခိုင်မာသောတိုင်းဒေသကြီးတစ်ရပ်အဖြစ် ဦးတည်သော တိုးတက်မှုကို အထူးလိုလားနစ်သက်ကြောင်းပြဆိုနေသည်။

၂ တိုင်းဒေသကြီးနှင့် ဥပဒေပြုအဖွဲ့ဝင်များ နှစ်ရပ်စလုံးက ဖွံ့ဖြိုးရေးရန်ပုံငွေများ ထုတ်ပေးမှုတွင် ပေါင်းစပ်ညှိနှိုင်းမှုနှင့်စောင့်ကြည့်ကြီး ကြပ်မှုတို့ကို အတိုင်းအတာတစ်ခုအထိ ပါဝင်ဆောင်ရွက်ကြသည်။သီးသန့်ရန်ပုံငွေများအတွက် စီမံကိန်းရေးဆွဲခြင်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်းတို့တွင် တန်းတူညီမျှမှု (အမျိုးသားနှင့် အမျိုးသမီးများ၏ လိုအပ်ချက်များ) အတွက် အလေးအနက်ထည့်သွင်းစဉ်းစားမှုသည် အခြေခံအကြောင်းတရား

၃ ကျန်းမာရေးဝန်ဆောင်မှုများနှင့် ရေရရှိမှုတို့သည် လူထုအတွက် အဓိကဦးစားပေးမှုများအဖြစ်ရှိနေသည်။ တိုက်ဆိုင်မှုအရဖြစ်စေ၊ တိုက်ဆိုင်မှုမဟုတ်ပဲဖြစ်စေ၊ ဤဝန်ဆောင်မှုကဏ္ဍများတွင် ပုဂ္ဂလိကပါဝင်မှု မြင့်မားလာခြင်းသည် ပြည်သူများအတွက် ကုန်ကျစရိတ်များနှင့်ပတ်သက်၍ စိုးရိမ်မှုများ မြင့်တက် လာနိုင်သည်။

၄ မြို့နယ်အဆင့် ကော်မတီများ၏ ကိုးစားယုံကြည်ထိုက်မှုသည် တာဝန်ယူမှု၊တာဝန်ခံမှုစနစ်ကောင်းမွန်လာခြင်း၊ ပွင့်လင်းမြင်သာမှုနှင့် ကျယ်ပြန့်သော ကိုယ်စားပြုမှုတို့ကို ပိုမိုလုပ်ဆောင်ခြင်း အားဖြင့် မြင့်မားလာစေသည်။



အသေးစိတ်သိရှိလိုပါက "တနင်္သာရီတိုင်းဒေသကြီး၏ ဒေသန္တရအုပ်ချုပ်ရေးလုပ်ငန်းစဉ် လေ့လာမှု အစီရင်ခံစာ"ကို www.mm.undp.org တွင်ကြည့်ပါ။

UNDP မြန်မာ
အမှတ် ၆၊ နတ်မောက်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန် ၁၁၂၁၁၊ မြန်မာ
E.mail: Communications.mm@undp.org

၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ